**ပြစ်ဒဏ်မှ ကင်းလွတ်စေခြင်းကို အဆုံးသတ်ပေးရန်။ ။ မြန်မာနိုင်ငံရှိ လူနည်းစု ဘာသာဝင်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ယူမှု/ တာဝန်ခံမှု ရှိစေရန် တောင်းဆိုချက်**

ဇွန်းလ၊ (၂၃)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သရဲသမိန်ကျေးရွာရှိ ဗလီဝတ်ကျောင်းတော်တစ်ခုကို အကြမ်းဖက်လူတစ်စုမှ ဖျက်ဆီးခဲ့ပြီး၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကချင်ပြည်နယ် လုံးခင်းကျေးရွာရှိ မွတ်စလင်ဝတ်ပြုဆောင်တစ်ခုကို အလားတူ လူတစ်စုမှ ဖျက်ဆီးခဲ့သည်။ အဆိုပါဖြစ်စဉ် တစ်ခုချင်းစီတွင် အာဏာပိုင်များအနေနှင့် ပြစ်မှုကျူးလွန်သူများကို တာဝန်ယူစေရန် မစွမ်းဆောင်နိုင်ခဲ့ကြပေ။

အောက်တွင်လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့အဖွဲ့အစည်းများသည် လူနည်းစုဘာသာဝင်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မကြာသေးမီက ဘာသာရေးအဆောက်အဦးများကို ဝင်ရောက်စီးနင်းမှုများအတွက် တာဝန်ရှိသူများကို တာဝန်ယူစေရန် မြန်မာအစိုးရကို တောင်းဆိုသည်။

ပဲခူးတိုင်းဒေသကြီးရှိ ဗလီဝတ်ကျောင်းတော် ဖျက်ဆီးခံရခြင်းနှင့် ကချင်ပြည်နယ်ရှိ ဝတ်ပြုဆောင်ဖျက်ဆီးခံရခြင်းမှာ သီးခြားအဖြစ်အပျက်များ မဟုတ်ပေ။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံကို အပြင်လောကနှင့် ထိတွေ့စေခြင်းနှင့်အတူ ဘာသာရေးဆိုင်ရာ သည်းမခံမှုများ တိုးပွားလာခဲ့သည်။ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် အဖွဲ့များသည် မွတ်စလင်များအပေါ် အကြမ်းဖက်မှု၊ အမုန်းတရားနှုယ်သော ရာဇဝတ်မှုများ၊ ခြိမ်းခြောက်မှုများနှင့် ပစ်မှတ်ထားလာကြသော်လည်း ထိုသူတို့မှာ ပြစ်ဒဏ်မခံရပါ။ ၎င်းတို့ထဲတွင် မဘသဟု လူသိများသော အစွန်းရောက်ဗုဒ္ဓဘာသာဝင်ဘုန်းကြီးများနှင့် အမျိုးသားရေးဝါဒီများဖြင့် ဖွဲ့စည်းထားသည့် အမျိုးသာသာ၊သာသနာကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ပတ်သက်သည့်သူအချို့လည်း ပါဝင်သည်။ အစွန်းရောက်ဝါဒီများသည် အရပ်သားများ၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေး လှုပ်ရှားသူများနှင့်၊ လွပ်လပ်စွာ ကိုးကွယ်ခွင့်၊ လွပ်လပ်စွာ ပြောဆိုခွင့်တို့အတွက် ရပ်တည်လာခဲ့သောအခြားသူများကို အမုန်းစကားများပြောခြင်း၊ အနှောင့်အယှက်ပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့ပြုလုပ်ကာ တိုက်ခိုက်ခဲ့သည်။

ဤရာဇဝတ်မှုများ ကျူးလွန်သူများကို သင့်တင့်လျောက်ပတ်စွာ စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) တရားစွဲဆိုခြင်း မပြုလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ တာဝန်များနှင့် မကိုက်ညီသော ပြစ်ဒဏ်မှ ကင်းလွတ်စေခြင်း အလေ့အထကို မွေးမြူသကဲ့သို့ ဖြစ်နေသည်။

မြန်မာပြည်သူများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးရွေးချယ်ခဲ့ခြင်းမှာ အားလုံးအတွက် တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးရရှိစေရန် ၎င်း၏ တိုက်ပွဲဝင်ကြိုးပမ်းမှုအပေါ် အခြေခံခြင်းဖြစ်သည်။ အောက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့အဖွဲ့အစည်းများသည် မြန်မာအစိုးရကို ၎င်း၏ ကတိတည်စေရန် ယနေ့ တောင်းဆိုသည်။

မြန်မာအစိုးရအနေနှင့် လုံးခင်းနှင့် သရဲသမိန်ကျေးရွာများရှိ မွတ်စလင်များဝတ်ပြုသည့်နေရာများ ဖျက်ဆီးခံရမှုနှင့် ပတ်သက်ပြီး စေ့စပ်၍သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုတစ်ခု ချက်ချင်းပြုလုပ်ပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီ တာဝန်ယူခိုင်းစေရန် ကျွန်ုပ်တို့မှ တောင်းဆိုသည်။

မြန်မာအစိုးရအနေနှင့် မြန်မာနိုင်ငံရှိ ဘာသာရေးအသိုင်းအဝိုင်းများအားလုံး ထိတ်လန့်ကြောက်ရွံ့မှု (သို့မဟုတ်) အကြမ်းဖက်ရန် ခြိမ်းခြောက်ခံရမှုတို့ မရှိဘဲ မိမိတို့၏ ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပြီး ကျင့်သုံးလိုက်နာနိုင်စေရေး ချက်ချင်းလုပ်ဆောင်ပေးရန် ကျွန်ုပ်တို့မှ တောင်းဆိုသည်။

မြန်မာနိုင်ငံရှိ အစိုးရအရာရှိများအားလုံးအနေနှင့် မြန်မာပြည်သူများအားလုံးသည် မည်သည့်လူမျိုး၊ ဘာသာဝင်ဖြစ်စေ တူညီသောဥပဒေများအောက်တွင်ရှိပြီး တူညီသောကာကွယ်စောင့်ရှောက်မှုကို ရပိုင်ခွင့်ရှိသည်ဟူသည့် အချက်ကို ခိုင်မာစေရေးအတွက် အခွင့်အရေးတိုင်းကို အသုံးချရန် ကျွန်ုပ်တို့မှ တောင်းဆိုသည်။

ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုကို ဆီလျော်စွာကိုင်တွယ်ရန် အစိုးရအနေနှင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို ကျွန်ုပ်တို့မှ သိမြင်နားလည်ပါသည်။ သို့ရာတွင် ဘာသာရေးလှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသည့် ရာဇဝတ်မှုများကို ပြစ်ဒဏ်မှကင်းလွတ်စေသည့် ဖြစ်စဉ်ကို အဆုံးသတ်ရန် အစိုးရအနေနှင့် ပိုမိုလုပ်ဆောင်နိုင်ပြီး ပိုမိုလုပ်ဆောင်သင့်ပါသည်။ ပြစ်မှုကျူးလွန်သူများကို တာဝန်ယူစေရန် ပျက်ကွက်ခြင်းကြောင့် မွတ်စလင်များအပေါ်ကျူးလွန်သည့် အကြမ်းဖက်မှုများ လျော့နည်းမသွားဘဲ များပြားလာစေကြောင်းကို မြန်မာနိုင်ငံတွင် မွတ်စလင်များအပေါ် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းက ဖော်ပြနေသည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော၊ လူ့အခွင့်အရေးကို အလေးထားသော မြန်မာနိုင်ငံ၏ ရည်မှန်းချက်များ ပြည့်ဝရေးအတွက် ဆောင်ရွက်ပေးရန် မြန်မာအစိုးရကို ကျွန်ုပ်တို့မှ တောင်းဆိုသည်။

လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများ။ ။